# 2020 ၌ ကျွန်ုပ်တို့အား ထည့်သွင်း ရေတွက်ပါရန်

ထည့်သွင်းရေတွက်ခံရခြင်း အားဖြင့် စုပေါင်းစွမ်းအား

အာရှ အမေရိကန်များ
တရားမျှတမှု
မြှင့်တင်ရေး

COUNTUSIN2020.ORG

## သန်းခေါင်စာရင်း၏ လျှို့ဝှက်စောင့်ထိန်းမှု

သန်းခေါင်စာရင်းသည် အမေရိကန်ပြည်ထောင်စု၌ နေထိုင်သူများ အားလုံးကို ထည့်သွင်းရေတွက်မှုပြုသည်။

- သန်းခေါင်စာရင်း ရေတွက်မှုသည် သင့်ဧရိယာအတွင်းရှိ စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် အခြားသော မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများထံသို့ ရန်ပုံငွေ မည်မျှ ခွဲဝေမှုပြုမည်ဆိုသည့်အပေါ် သက်ရောက်မှုရှိသည် -- သင်၏ ရပ်ရွာအဖွဲ့အစည်း အတွင်း ထည့်သွင်းရေတွက်ခံရသူ များလေလေ သင်၏ ရပ်ရွာအဖွဲ့အစည်းသည် ရန်ပုံငွေများအား ပိုမို ရရှိလေလေ ဖြစ်သည်။
- ***သန်းခေါင်စာရင်းအား သင် တုံ့ပြန်ဖြေကြားပေးခြင်းသည် စင်စစ် သင်၏မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်းသည် ရန်ပုံငွေများ၊ ဝန်ဆောင်မှု များ နှင့် နိုင်ငံရေး ကိုယ်စားပြုမှုတို့၌ ၎င်းတို့၏ မျှတသော ခွဲတမ်းအား ရရှိကြကြောင်း သေချာစေရန်အတွက် သင် အကူအညီပေးခြင်းပင် ဖြစ်သည်။***

သန်းခေါင်စာရင်းသည် သင့်အိမ်ထောင်စုတွင် နေထိုင်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးစီနှင့်ပတ်သက်ပြီး အသက်၊ အမည်၊ လူမျိုး နှင့် တိုင်းရင်းသား အစရှိသော အခြေခံ မေးခွန်းများကို မေးမြန်းသည်။ **2020 သန်းခေါင်စာရင်းသည် ရွှေ့ပြောင်းနေထိုင်သူ သို့မဟုတ် နိုင်ငံသားဖြစ်မှု နှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းမည် မဟုတ်ပေ။**

## သန်းခေါင်းစာရင်းသို့ သင်၏ တုံ့ပြန်ဖြေကြားချက်များအား လုံးဝ ထိန်းသိမ်းလျှို့ဝှက်ထားမည်ဖြစ်သည်။

- ❖ အလွန်ပင် ခိုင်မာသော ဥပဒေများသည် သန်းခေါင်စာရင်းအတွင်း သင်၏ တုံ့ပြန်ဖြေကြားချက်များ၏ လျှို့ဝှက်စောင့်ထိန်းမှုကို ကာကွယ်ပေးသည်။
- ❖ သန်းခေါင်စာရင်း ဗျူရိုသည် သင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား ICE ၊ ရဲဌာန သို့မဟုတ် အခြားသော အစိုးရ အေဂျင်စီတစ်ခုခု အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့မျှ မျှဝေခွင့် မရှိပေ။
- ❖ သန်းခေါင်စာရင်း ဗျူရိုသည် သင်၏ တုံ့ပြန်ဖြေကြားချက်များအား လူထုနှင့်သက်ဆိုင်သည့် အထွေထွေ အချက်အလက်များ၊ ဥပမာ - သင့် မြို့တွင် လူဦးရေ မည်မျှ နေထိုင်ကြောင်း နှင့် အသက်အရွယ်၊ ကျား၊မ နှင့် လူမျိုး အစရှိသည်တို့နှင့်သက်ဆိုင်သော ကိန်းဂဏန်း အချက်အလက် များ အစရှိသည်တို့ကို ဖန်တီးရန်အတွက်သာလျှင် အသုံးပြုနိုင်မည် ဖြစ်သည်။ သန်းခေါင်စာရင်း ဗျူရိုသည် သင်နှင့်ပတ်သက်သော တစ်ဦးချင်းစီ၏ အချက်အလက်များအား မျှဝေနိုင်ခြင်း မရှိပေ။

ဥပဒေအရ တစ်ဦးတစ်ယောက်စီတိုင်းသည် သန်းခေါင်စာရင်းအား ပြည့်စုံစွာ တုံ့ပြန်ဖြေကြားပေးရန် နှင့် မေးခွန်းများ အားလုံးအား စစ်မှန်စွာ ဖြေကြားပေးရန် လိုအပ်သည်။ သန်းခေါင်စာရင်းပေါ်၌ လိမ်ညာခြင်း မပြုပါနှင့်။

အကယ်၍ သင်သည် မေးခွန်း တစ်ခု သို့မဟုတ် နှစ်ခုအား ကျော်သွားသည့်တိုင် သင့် အမည် နှင့် လိပ်စာတို့အား ထောက်ပံ့ဖော်ပြပေးထားသမျှ ကာလပတ်လုံး သင်၏ လျှောက်လွှာဖောင်အား ထည့်သွင်းရေတွက်ပေးထားမည် ဖြစ်သည်။ အကယ်၍ သင်သည် မေးခွန်း တော်တော်များများအား ကျော်၍ ဖြေဆိုထားလျှင် သို့မဟုတ် သန်းခေါင်စာရင်းအား လုံးဝ ဖြေဆိုခြင်း မပြုလျှင် အဆိုပါ လွတ်နေသော အချက်အလက်များအား မေးမြန်းရန်အတွက်ငှာ သန်းခေါင်စာရင်း ဗျူရိုသည် ဖုန်းဖြင့်ဖြစ်စေ သို့မဟုတ် သင့်နေအိမ်သို့ သန်းခေါင်စာရင်း ဗျူရိုမှ ဝန်ထမ်းတစ်ဦးအား ပေးပို့ခြင်းအားဖြင့် ဖြစ်စေ နောက်ဆက်တွဲ ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည် ဖြစ်သည်။ သင် ကျော်၍ဖြေဆိုထားသော မေးခွန်းများ နည်းလေလေ သန်းခေါင်စာရင်းဗျူရိုအနေနှင့် နောက်ဆက်တွဲလုပ်ဆောင်မှုများ ပြုလုပ်ရနိုင်ခြေ နည်းလေလေ ဖြစ်သည်။

သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး နောက်ထပ်သော အချက်အလက်များအား www.countusin2020.org/resources တွင် သင် တွေ့ရှိနိုင်ပါသည်။